OCHA


# ဘေးဒဏ်ခံလူထုအား တာဝန်ခံယူခြင်း (AAP) မြေပြင်လုပ်ငန်းဆောင်ရွက်ရာတွင် ဆောင်ရန်ရှောင်ရန်အချက်များ

## တာဝန်ယူ၍ ကျင့်ဝတ်နှင့် ကိုက်ညီစွာဖြင့် လူထုနှင့်လက်တွဲဆောင်ရွက်ရန်နည်းလမ်းများ

# ဘေးဒဏ်ခံလူထုအား တာဝန်ခံယူခြင်း

ဘေးဒဏ်ခံလူထုအား တာဝန်ခံယူခြင်း (AAP) ဆိုသည်မှာ လူသားချင်းစာနာမှုဆိုင်ရာ ပါဝင်ဆောင်ရွက်နေသူများက မိမိတို့ကူညီနေသည့် ပြည်သူများအား ထည့်သွင်းစဉ်းစားခြင်း၊ သတင်းအချက်အလက်များကို အသိပေးခြင်းနှင့် တာဝန်ခံယူခြင်းတို့ဖြင့် မိမိတို့၏ လုပ်ပိုင်ခွင့်ကို တာဝန်ရှိစွာ အသုံးပြုပါမည်ဟု တက်ကြွစွာဖြင့် ကတိကဝတ်ပြုခြင်းဖြစ်သည်။

- **ထည့်သွင်းစဉ်းစားခြင်း (Taking account)** – ဆုံးဖြတ်ချက်များကို ဘေးဒဏ်ခံရပ်ရွာအသိုင်းအဝိုင်း၏ အမြင်များ၊ အတွေ့အကြုံများဖြင့် အသိပေးပုံဖော်ထားကြောင်း သေချာစေခြင်း။
- **အသိပေးခြင်း (Giving account)** – သက်ဆိုင်သည့် သတင်းအချက်အလက်များကို သင့်တော်သော ပုံစံများနှင့် ဘာသာစကားများဖြင့် အချိန်ကိုက် ထောက်ပံ့ပေးခြင်း။
- **တာဝန်ခံယူခြင်း (Being held to account)** – (အကူအညီပေးနေသည့်) အဖွဲ့အစည်း၏ လုပ်ငန်းစွမ်းဆောင်ရည်ကို ဘေးဒဏ်ခံလူထုက အကဲဖြတ်၍ မှတ်ချက်ပေးနိုင်စွမ်းရှိစေခြင်း။


ဘေးဒဏ်ခံလူထုအား တာဝန်ခံယူခြင်း
AAP ကို ရှေ့ရှုသည်
AAP ကို ရှေ့ရှုသည်
AAP ကို ရှေ့ရှုသည်
ရပ်ရွာလူထုနှင့် လက်တွဲဆောင်ရွက်ခြင်း
အကူအညီပေးရေးဝန်ထမ်းများ ကို တာဝန်ခံစေခြင်း
အဖွဲ့၏ လုပ်ငန်းများ အကြောင်းကို ရပ်ရွာလူထုသို့ အချက်အလက် ထောက်ပံ့ပေးခြင်း
ဆုံးဖြတ်ချက်များ ကို ရပ်ရွာလူထုက အသိပေး ပုံဖော်ခြင်း
ရပ်ရွာလူထုက လုပ်ငန်း စွမ်းဆောင်ရည်ကို အကဲဖြတ်၍ မှတ်ချက်ပြုနိုင်ခြင်း
ကုစားပြင်ဆင်ရေး လုပ်ငန်း
ရပ်ရွာလူထုကို ဒုက္ခပေးနေသော လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်း (PSEA) နှင့် ဆိုးရွားသော အခြားပြဿနာများမှ ကြိုတင်ကာကွယ်ပေးခြင်း

# မသွားရောက်မီ အောက်ပါအချက်များကို သိရှိအောင်ပြုလုပ်ပါ

- အကြောင်းအရာကို နားလည်အောင် ပြုလုပ်ပါ။
  - ဘာသာရေး၊ ယဉ်ကျေးမှု၊ သမိုင်းကြောင်း၊ နိုင်ငံရေး၊ အဓိကဖြစ်ရပ်များ၊ လူဦးရေဆိုင်ရာအချက်များ၊ စီးပွားရေး
- အခြေအနေများကို နားလည်အောင်ပြုလုပ်ပါ။
  - ပထဝီဝင်အနေအထား၊ အခြေခံအဆောက်အဦ၊ ဖုန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ မိုးလေဝသ
- မည်သည့်အရာကို မျှော်လင့်ရမည်နှင့် ပေါ်ပေါက်လာနိုင်သည့် အန္တရာယ်ဖြစ်နိုင်ခြေများအား မည်သို့လျှော့ချရမည်ကို သိရှိအောင်ပြုလုပ်ပါ။
- ရပ်ရွာလူထုအား ထိခိုက်နေသည့် ပြဿနာများနှင့် ရပ်ရွာလူထုတွင် ရှိနေနိုင်သည့် စိုးရိမ်မှုများကို သတိထားပါ။
- လက်ရှိ အဖွဲ့အစည်းများ၊ ဝန်ဆောင်မှုများနှင့် တိုင်ကြားရေး/တုံ့ပြန်ချက်ပေးရေးလမ်းကြောင်းများကို သုတေသနပြုလုပ်ပါ။
- ယခင်က မျှဝေထားသည့် အဓိကသတင်းစကားများနှင့် သတင်းအချက်အလက်ကွာဟချက်များကို သတိပြုပါ။

# ရပ်ရွာလူထုနှင့် အပြန်အလှန်ဆက်သွယ်ဆောင်ရွက်ခြင်း

## ဆောင်ရန်အချက်များ

- ယဉ်ကျေးစွာ နှုတ်ခွန်းဆက်ပါ။
- ရင်းနှီးစေရန် ထွေရာလေးပါးပြောဆိုပါ။
- သင့်ကိုယ်သင်နှင့် သင့်အဖွဲ့အစည်းကို မိတ်ဆက်ပါ။ သင်၏ အခန်းကဏ္ဍတာဝန်ကို ရှင်းပြပါ။
- ဝန်ဆောင်မှုများပေးအပ်ရာတွင် အရည်အသွေး၊ တာဝန်ခံယူမှုတို့နှင့် စပ်လျဉ်းသည့် မျှော်လင့်ချက်များကို ဖြည့်ဆည်းနိုင်ရန် စီမံခန့်ခွဲပါ။
- ရပ်ရွာလူထု၏ ခက်ခဲမှုကို အသိအမှတ်ပြုပါ။

## ရှောင်ရန်အချက်များ

- မေးခွန်းများတရစပ်မေးခြင်း
- သင်၏ အခန်းကဏ္ဍတာဝန်နှင့် စွမ်းဆောင်ရည်တို့ကို ချဲ့ကားပြောဆိုခြင်း
- ကတိများပေးခြင်း
- ရပ်ရွာလူထု၏ မေးခွန်းများ သို့မဟုတ် စိုးရိမ်မှုများကို လျစ်လျူရှုခြင်း
- ရိုင်းပျခြင်းနှင့် ကြင်နာမှုမရှိခြင်း
- အများရှေ့တွင် ထိရှလွယ်သော အကြောင်းအရာများကို ဆွေးနွေးခြင်း

# လေးစားမှု

## ဆောင်ရန်အချက်များ

- လူတိုင်းကို လေးစားစွာ၊ ဂုဏ်သိက္ခာရှိစွာ၊ ချစ်ခင်စွာဖြင့် ပြုမူဆက်ဆံပါ။
- ယဉ်ကျေးမှုအရ သင့်လျော်သော ပုံစံဖြင့် ပြုမူဆောင်ရွက်ပါ။
- သင့်အား စကားပြောဆိုလိုသူများကို လိုလိုလားလားကူညီပါ။
- ဓါတ်ပုံရိုက်ရန် ခွင့်ပြုချက် တောင်းပါ။
- ရိုးသားပွင့်လင်း၍ အဓိပ္ပာယ်ပြည့်ဝသော နည်းလမ်းများဖြင့် ရပ်ရွာလူထုနှင့် မကြာခဏတိုင်ပင်ဆွေးနွေးပါ။

## ရှောင်ရန်အချက်များ

- သင်၏ တာဝန်ပြင်ပရှိ နယ်ပယ်များတွင် ဝင်ရောက်စွက်ဖက်ခြင်း
- အခြားသူများကို ထိတွေ့ကိုင်တွယ်ခြင်း
- သင်၏ အမြင်ကို အတင်းအကျပ်ပြောခြင်း
- နိုင်ငံရေး သို့မဟုတ် အငြင်းပွားဖွယ်ခေါင်းစဉ်များကို ဆွေးနွေးခြင်း
- အခြားသူများကို ထွက်သွားစေခြင်း သို့မဟုတ် လျစ်လျူရှုခြင်း
- အခြားသူများ၏ အသက်၊ ကျား/မ၊ စွမ်းဆောင်ရည်၊ ကျန်းမာရေး၊ ပညာရေး၊ ယဉ်ကျေးမှုကို အခြေခံ၍ ခွဲခြားဆက်ဆံခြင်း သို့မဟုတ် ယူဆချက်များ ပြုလုပ်ခြင်း

# သတင်းအချက်အလက်ထောက်ပံ့ပေးခြင်း

## ဆောင်ရန်အချက်များ

- အခြားသူများကို သင့်အဖွဲ့အစည်းအကြောင်း၊ အဖွဲ့၏ လုပ်ပိုင်ခွင့် မူဝါဒနှင့် ဝန်ထမ်းများ၏ တာဝန်များအကြောင်းကို ပြောပြပါ။
- လူထုကိုယ်တိုင် အသိပေးပုံဖော်သည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်စွမ်းရှိစေရန်အတွက် အချက်အလက်မှန်ကန်သော၊ ဘက်လိုက်မှုကင်းသော၊ လုပ်ငန်းစတင်နိုင်သော သတင်းအချက်အလက်များကို ထောက်ပံ့ပေးပါ။
- အခြားသူများက အချက်အလက်များအပေါ် မေးခွန်းများမေးရန်နှင့် တုံ့ပြန်ချက်ပေးရန် အခွင့်အလမ်းများကို ထောက်ပံ့ပေးပါ။
- အချို့သော လုပ်ငန်းများအား မဆောင်ရွက်နိုင်ရသည့် အကြောင်းရင်းများအပါအဝင် ချမှတ်ထားသည့် ဆုံးဖြတ်ချက်များအကြောင်းကို ရှင်းပြပါ။

## ရှောင်ရန်အချက်များ

- မတိကျသော သို့မဟုတ် သင်ကိုယ်တိုင်ပင် သေချာစွာမသိသော သတင်းအချက်အလက်များအား ထောက်ပံ့ပေးခြင်း။
- အချို့သော အုပ်စုများ သို့မဟုတ် လူပုဂ္ဂိုလ်များကို ချန်လှပ်ထားသည့် ဆက်သွယ်ပြန်ကြားရေး နည်းလမ်းများ သို့မဟုတ် လမ်းကြောင်းများကို အသုံးချခြင်း။
- ဗန်းစကားများနှင့် ပညာရပ်အသုံးအနှုန်းများကို အများအပြားအသုံးပြုခြင်း။
- အလွန်များသော သတင်းအချက်အလက်များ၊ အသေးစိတ်အချက်များဖြင့် အခြားသူများကို လွှမ်းမိုးခြင်း။
- သတင်းမှားများနှင့် ကောလာဟလများကို လစ်လျူရှုခြင်း။

# တက်ကြွစွာ နားထောင်ပေးခြင်း

## ဆောင်ရန်အချက်များ

- စကားပြောနေသူအပေါ်တွင် အပြည့်အဝ အာရုံစိုက်ထားပါ။
- သင်နားထောင်နေကြောင်း ပြသပေးပါ။
- သတင်းအချက်အလက်များကို အဓိပ္ပာယ်ပေါ်လွင်အောင် ပြန်ပြောပြီး ရှင်းလင်းအောင်လုပ်ပါ။
- မေးခွန်းများမေးပါ။
- စိတ်ရှည်၍ တည်ငြိမ်မှု ရှိပါ။
- သင့်လျော်စွာ တုံ့ပြန်ပါ။
- စိတ်အနှောင့်အယှက်မဖြစ်စေသည့် သင့်တော်သောနေရာတွင် ပြောဆိုဆွေးနွေးပါ။

## ရှောင်ရန်အချက်များ

- အဆုံးသတ်သို့ ကျော်သွားခြင်း သို့မဟုတ် ယူဆချက်များပြုလုပ်ခြင်း
- ဝေဖန်ပြစ်တင်မှု ပြုလုပ်ခြင်း
- အခြားများပြောဆိုသည်ကို ကြားဖြတ်ပြောခြင်း သို့မဟုတ် အလျင်လိုခြင်း
- တစ်ဦးတစ်ယောက်က ပြောနေသည့်အကြောင်းအရာကို ငြင်းပယ်ခြင်း
- သင်၏ ပုဂ္ဂိုလ်ရေးခံစားချက်များ သို့မဟုတ် ထင်မြင်ချက်များဖြင့် ဝင်ရောက်စွက်ဖက်ပြောကြားခြင်း
- မကောင်းသော တုံ့ပြန်ချက်ကို ရရှိပါက မိမိကိုယ်ကို ကာကွယ်ခြင်း သို့မဟုတ် ဒေါသထွက်ခြင်း

# လျှို့ဝှက်မှုအား ထိန်းသိမ်းခြင်း

## ဆောင်ရန်အချက်များ

- လူတစ်ဦး၏ ပုဂ္ဂိုလ်ရေးလွတ်လပ်မှုနှင့် အခွင့်အရေးကို လေးစားပါ။
- လျှို့ဝှက်ထားရန် အဘယ်ကြောင့် လိုအပ်ကြောင်းကို ရှင်းပြ၍ လျှို့ဝှက်ချက်ကို ထိန်းသိမ်းပေးပါ။
- လူထု၏ သတင်းအချက်အလက်များနှင့် ဓာတ်လမ်းများကို လျှို့ဝှက်ချက်အဖြစ် ထိန်းသိမ်းထားပါ။
- လွှဲပြောင်းပေးမှုများကို ဘေးကင်းလုံခြုံ၍ ဂုဏ်သိက္ခာရှိသော နည်းလမ်းဖြင့် ပြုလုပ်ပါ။
- ထိရှလွယ်သော အချက်အလက်များအတွက် စည်းမျဉ်းစည်းကမ်းများကို လိုက်နာပါ။

## ရှောင်ရန်အချက်များ

- လျှို့ဝှက်ချက်အဖြစ် ထိန်းသိမ်းထားသင့်သည့် သတင်းအချက်အလက်များကို ထုတ်ပြန်ခြင်း သို့မဟုတ် ဆွေးနွေးခြင်း။
- အခြားသူများ၏ သဘောတူခွင့်ပြုချက်မရှိဘဲ ထိုသူတို့အား ဓါတ်ပုံရိုက်ခြင်း။
- ရပ်ရွာအသိုင်းအဝိုင်းအတွင်းတွင် မည်သူမည်ဝါမှန်း ဖော်ထုတ်သိရှိနိုင်စေသည့် လူတစ်ဦးချင်း၏ အချက်အလက်များကို မျှဝေခြင်း။
- အခြားသူများ၏ ဓာတ်လမ်းများ၊ သတင်းအချက်အလက်များ သို့မဟုတ် ဓါတ်ပုံများကို အများပြည်သူသို့ မျှဝေခြင်း။

# ဘေးကင်းလုံခြုံမှုနှင့် ပွင့်လင်းမြင်သာမှု

## ဆောင်ရန်အချက်များ

- ဘေးကင်းလုံခြုံမှုဆိုင်ရာစည်းမျဉ်းများကို သိရှိအောင် ပြုလုပ်ပါ။
- သင်၏ လုပ်ဖော်ကိုင်ဖက်များက သင်မည်သည့်နေရာတွင် ရောက်ရှိနေသည်ကို သိနေပါစေ။
- စိုးရိမ်ဖွယ် ဖြစ်ရပ်များ သို့မဟုတ် အခြေအနေများ အကြောင်းကို သင်၏ အဖွဲ့ခေါင်းဆောင်အား အစီရင်ခံပါ။
- ဖြောင့်မတ်မှန်ကန်စွာ အမြဲတစေ ပြုမူဆက်ဆံပါ။
- သင့်အား မည်သို့ ရှုမြင်သဘောထားသည်ကို သတိပြုပါ။
- သင်၏ ကျန်းမာပျော်ရွှင်ရေးကို သတိထားပါ။

## ရှောင်ရန်အချက်များ

- တစ်ဦးတည်း လျှောက်သွားနေခြင်း သို့မဟုတ် သင့်အား ဝင်ခွင့်မပြုထားသည့် နေရာများသို့ ဝင်ရောက်ခြင်း။
- သင်၏ ပုဂ္ဂိုလ်ရေးအသေးစိတ်အချက်များကို မျှဝေခြင်း။
- တန်ဖိုးကြီးသော သို့မဟုတ် တောက်ပြောင်သော ပစ္စည်းများကို ဝတ်ဆင်ခြင်း။
- လူအချို့ကို ဦးစားပေးပြုမူဆက်ဆံခြင်း သို့မဟုတ် ထိုလူများကို လက်ဆောင်များပေးခြင်း။
- သင်၏ ပုဂ္ဂိုလ်ရေးပြဿနာများကို သင့်လုပ်ငန်းတွင် သက်ရောက်စေခြင်း။

# နိဂုံး

အဓိပ္ပါယ်ပြည့်ဝသော နည်းလမ်းများကိုသုံး၍ ဘေးဒဏ်ခံလူထုနှင့် လက်တွဲဆောင်ရွက်ခြင်းအားဖြင့် ရပ်ရွာလူထုက ရင်ဆိုင်နေရသော အန္တရာယ်ဖြစ်နိုင်ခြေများနှင့် ထိခိုက်လွယ်မှုများ၊ ရပ်ရွာလူထု၏ အားသာချက်များနှင့် ကြံ့ကြံ့ခံနိုင်ရေးအတွက် စွမ်းဆောင်ရည်များကို ပိုမိုနားလည်နိုင်ပါလိမ့်မည်။

ပေးအပ်လိုက်သည့် အကူအညီသည် သင့်တော်ကြောင်း၊ အချိန်ကိုက်ဖြစ်ကြောင်းနှင့် ရပ်ရွာလူထု၏ လိုအပ်ချက်များကို ဂုဏ်သိက္ခာရှိသော နည်းလမ်းဖြင့် ဖြည့်ဆည်းပေးကြောင်း သေချာစေရေးအတွက် ရပ်ရွာအသိုင်းအဝိုင်းအတွင်းရှိ လူအားလုံး၏ အမြင်များကို တစ်စုတစ်စည်းတည်း ထည့်သွင်းစဉ်းစားသင့်ပါသည်။

*ဤစာတမ်းသည် ပြီးပြည့်စုံသော လမ်းညွှန်ချက် သို့မဟုတ် တရားဝင်လမ်းညွှန်ချက် မဟုတ်ပါ။ သင့်အဖွဲ့အစည်း၏ လုပ်ပိုင်ခွင့်မူဝါဒနှင့်ကျင့်ဝတ်များကို အမြဲရည်ညွှန်းလိုက်နာပါ။*